# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၁၃ ရက်မြောက်နေ့ အစီအစဉ်

# [ ၅-၂-၂၀၁၅ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်ခင်ဌေးကြွယ်၊ မော်လမြိုင် မဲဆန္ဒနယ်၏ **မော်လမြိုင်မြို့နယ် အတွင်းရှိ ရထားလမ်းဘေး/မြေထိန်းနံရံများဆောင်ရွက်ပေးရန်နှင့် မြေထိန်းနံရံကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြုလုပ်ခွင့်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်ကြိုင်၊ ညောင်ဦး မဲဆန္ဒနယ်၏ **ချောက်မြို့နယ်၊ ဆာလည်ရွာ တစ်ဝိုက်တွင် ပုဂံခေတ် ရှေးဟောင်းဘုရားအဆောက်အဦပေါင်း (၄၅)ဆူရှိရာ ခရီးသွားဧည့်သည်များ တိုးချဲ့ပို့ဆောင်ရန်အတွက် ပေ ၁၂၀၀ ခန့် ကွာဝေးသော ကျန်စစ်စေတီမှ လျှပ်စစ်မီးပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ **ဂန့်ဂေါမြို့နယ်ရှိ ကျေးလက်မီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့ပေါ်ရပ်ကွက်များ လျှပ်စစ်မီးလင်းရေးအတွက် စီမံဆောင်ရွက်ပေးသည့် နည်းလမ်းများအတိုင်း နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်က **"ယနေ့ ပြည်သူများ တောင်းဆိုနေသော ကျေးလက်အရောက် မီးလင်းရေးဆန္ဒနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ခေတ်မီသော စက်မှုလုပ်ငန်းများ တိုးတက်ရေး၊ ပြည်သူများစိတ်အေးချမ်းသာစွာ လျှပ်စစ်မီးအပြည့်အဝ သုံးစွဲခွင့်ရရှိရေးအတွက် လျှပ်စစ်စွမ်းအင်ကို ရေတိုအမြန်ရရန် ခေတ်မီနည်းပညာသုံး ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်ကိုလည်းကောင်း၊ ရေရှည်အတွက် နျူကလီးယားစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်ရန်ကိုလည်းကောင်း၊ ပြည်သူများအား ကျန်းမာရေးနှင့် လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ မည်ကဲ့သို့ ဆောင်ရွက်မည်ကို ချပြရှင်းလင်းပြီး လျှပ်စစ်ဓာတ်အား ပြည့်ဝပိုလျှံစွာ ရရှိရေးဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန် တတ်သူများ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။